# မြန်မာနိုင်ငံ
# တွင်းထွက်သယံဇာတအရင်းအမြစ်များ တူးဖော်ရေး
# စက်မှုလုပ်ငန်းများ နှင့်ပတ်သက်သည့်
# အဖွဲ့အစည်းများနှင့်ထိန်းချုပ်ကွပ်ကဲရေးဆန်းစစ်ချက်



Adam Smith International

In partnership with

MDRI CESD

**မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ အရင်းအမြစ်များ တူးဖော်ရေး စက်မှုလုပ်ငန်းများ၏ အဖွဲ့အစည်းများ နှင့် ထိန်းချုပ်ကွပ်ကဲရေးဆန်းစစ်ချက် အစီရင်ခံစာအား ကမ္ဘာ့ဘဏ် နှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန တို့မှ ငွေကြေးပံ့ပိုးမှုဖြင့် ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**

## Adam Smith International

Adam Smith International သည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ရေနံ၊ သဘာဝဓာတ်ငွေ့ နှင့် သတ္တုတွင်း လုပ်ငန်းများ၏ အုပ်ချုပ်မှု နှင့် ဖွံ့ဖြိုးမှုဆိုင်ရာများ ဆောင်ရွက်ရာတွင် လုပ်သက်အတွေ့အကြုံ (၁၀) နှစ်ကျော်ရှိပြီး နိုင်ငံပေါင်း (၄၀) တွင် ဆောင်ရွက်နေသည့် နိုင်ငံတကာ ဦးဆောင် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ မိမိတို့အနေဖြင့် အရင်းအမြစ်များမှ ဝင်ငွေအများဆုံး ရရှိရန်၊ အလုပ်အကိုင်ဖန်တီးပေးရန် နှင့် ရေရှည်စဉ်ဆက်မပြတ်တည်မြဲပြီး သာတူညီမျှရှိသည့် စီးပွားရေးဖွံ့ဖြိုးမှု ဖြစ်ပေါ်လာစေရန် သက်ဆိုင်ရာ အစိုးရများအား မဟာဗျူဟာ ရှုထောင့်မှ အကြံပေးခြင်း၊ ရှုပ်ထွေးသော ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။

မိမိတို့အနေဖြင့် သဘာဝသယံဇာတအပေါ် မှီခိုအားထားသည့် နိုင်ငံများရှိ အစိုးရများအတွက် ပတ်ဝန်းကျင် နှင့် လူမှုစီးပွားရေး အခြေခံကောင်းများ ပေါ်ထွက်လာစေရန်အတွက် တွင်းထွက် သယံဇာတ အရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ နှင့်သက်ဆိုင်သော အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များကို အောက်ပါအတိုင်း ပေးအပ်လျက်ရှိပါသည်-

- မဟာဗျူဟာ၊ မူဝါဒ နှင့် ဥပဒေရေးရာ
- အဖွဲ့အစည်းပိုင်းဆိုင်ရာ ကျစ်လျစ်ခိုင်မာမှုရှိရေး
- ဝင်ငွေစီမံခန့်ခွဲမှု
- ဆက်သွယ်ရေး နှင့် လူ့အဖွဲ့အစည်းများ ဆက်ဆံရေး
- ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု
- ပတ်ဝန်းကျင် ရေရှည်စဉ်ဆက်မပြတ်တည်တံ့မှု
- စီးပွားရေးအကျိုးသက်ရောက်မှု

အသေးစိတ် သိရှိလိုပါက http://www.adamsmithinternational.com/our-services/extractive-industries-governance/ တွင် ကြည့်ရှုနိုင်ပါသည်။ သို့မဟုတ် *extractives@adamsmithinternational.com သို့ ဆက်သွယ်နိုင်ပါသည်။*

ဤအစီရင်ခံစာပါ တွေ့ရှိချက်များ၊ ရှင်းလင်းတင်ပြချက်များ၊ အမြင်များ နှင့် သုံးသပ်ချက်များတို့သည် စာရေးသူများ၏ အာဘော်သာဖြစ်ပြီး ကမ္ဘာ့ဘဏ် နှင့် ၎င်း၏ အမှုဆောင်ဒါရိုက်တာများ၊ ၎င်းတို့ ကိုယ်စား ပြုသော အစိုးရများ သို့မဟုတ် ဗြိတိန် နိုင်ငံတကာဖွံ့ဖြိုးရေးဌာန တို့၏ အမြင်များကို ဖော်ပြထားခြင်းမဟုတ်ပါ။ ကမ္ဘာ့ဘဏ် နှင့် ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးဌာနတို့သည် ဤအစီရင်ခံစာပါ အချက်အလက်များ၏ တိကျမှုကို အာမခံထားခြင်းမရှိပါ။ ဤအစီရင်ခံစာပါ မြေပုံများတွင် ဖော်ပြထားသည့် နယ်နိမိတ်များ၊ အရောင် နှင့် အခြားအချက်အလက်များတို့ကိုအကြောင်းပြု၍ ဥပဒေကြောင်းဆိုင်ရာ နယ်နိမိတ် သတ်မှတ်ချက်များ နှင့် ဒေသတည်ရှိမှုများကို ကမ္ဘာ့ဘဏ် နှင့် ဗြိတိန် နိုင်ငံတကာဖွံ့ဖြိုးရေးဌာနတို့မှ အသိအမှတ်ပြုခြင်းဖြစ်သည်ဟု မယူဆစေလိုပါ။

# အတိုကောက်ဝေါဟာရများ

ASM: Artisanal and Small-scale mining

AWC: Asia World Co. Ltd

BGF: Border Guard Force

BOT: Build Operate Transfer

CBO: Community Based Organisation

CDA: Community Development Agreement

CDOI: China Datang Overseas Investment Co Ltd.

CEP: Core Environment Programme

CPI: China Power Investment

CNMC: Chinese Nickle Mining Company

CNPC: China National Petroleum Corporation

CSO: Civil Society Organisation and Central Statistical Office

CSR: Corporate Social Responsibility

CTGC: China Three Gorges Corp.

DGSME: Department of Geological Service and Mineral Exploration

DHPP: Department of Hydropower Planning

DHPI: Department of Hydropower Implementation

DICA: Directorate of Investment and Company Administration

DUHD: Datang (Yunnan) United Hydropower Developing Co.

DKBA: Democratic Karen Buddhist Army

DRC: Democratic Republic of Congo

DSI: Defence Services Institute

EAG: Ethnic Armed Group

ECD: Environmental Conservation Department

EDC: Energy Development Committee

EGAT: EGAT International Ltd

EGTA: Export Gas Transport Agreement

EIA: Environmental Impact Assessment

EITI: Extractive Industries Transparency Initiative

ESIA: Environmental and Social Impact Assessment

ESMP: Environmental and Social Management Plan

FDI: Foreign Direct Investment

FESR: Framework for Economic and Social Reforms

FIL: Foreign Investment Law

FLEGT: Forest Law Enforcement, Governance and Trade

FPIR: Free, Prior and Informed Consent

GAAP: Generally Accepted Accounting Principles

GAD: General Administration Department

GAIL: Gas Authority of India Ltd

GIS: Geographical Information System

GMS: Greater Mekong Sub-Region

GOUM: Government of the Union of Myanmar

GPOA: Gas Pipeline Operations Agreement

GSA: Gas Supply Agreement

GWh: Gigawatt hour

HLRHC: Huaneng Lancang River Hydropower Co.

HPGE: Hydropower Generation Enterprise

HTMC: Htun Thwin Mining Co.

IATA: International Aid Transparency Initiative

IBA: Impacts and Benefits Agreement

ICG: International Crisis Group

IDP: Internally Displaced Persons

IFRS: International Financial Reporting Standards

IOC: International Oil Company

IOGEC: International Group of Entrepreneurs Co

INTOSAI: International Organisation of Supreme Audit Institutions

IPRC: Improved Petroleum Recovery Contracts

IRD: Internal Revenue Department

ITD: Italian-Thai Development Co. Ltd Thailand

JICA: The Japan International Cooperation Agency

JV: Joint Venture

JVA: Joint Venture Agreement

KOGAS: Korea Gas Corporation

KIO: Kachin Independence Organization

KSDC: Kayin State Development Company

KSDP: Kachin State Democracy Party

KNU: Karen National Union

LTO: Large Taxpayers Office

MoA: Memorandum of Agreement

MAC: Myanmar Accountancy Council

MATA: The Myanmar Alliance for Transparency and Accountability

MDCF: Myanmar Development Cooperation Forum

MDI: Myanmar Defence Industries

MDCF: Myanmar Development Cooperation Forum

MDRI: Myanmar Development Resource Institute

ME: Mining Enterprise

MEC: Myanmar Economic Corporation

MEITI: Myanmar EITI

MEPE: Myanmar Electric Power Enterprise

MFTB: Myanmar Foreign Trade Bank

MFMA: Myanmar Federation of Mining Association

MGTC: Moattama Gas Transportation Company

MIC: Myanmar Investment Commission

MNPED: Ministry of National Planning and Economic Development

MNRMC: Minerals and Natural Resources Management Committee

MoA: Memorandum of Agreement

MOD: Ministry of Defence

MOE: Ministry of Energy

MOECAF: Ministry of Environmental Conservation and Forestry

MOECO: Mitsui Oil Exploration Company

MOEP: Ministry of Electric Power

MOF: Ministry of Finance

MOGE: Myanma Oil & Gas Enterprise

MOHA: Ministry of Home Affairs

MOU: Memorandum of Understanding

MPC: Myanmar Peace Centre

MPE: Myanmar Petrochemical Enterprise

MPPE: Myanmar Petroleum Products Enterprise

MSG: Multi-Stakeholder Group

MSMCE: Myanmar Salt and Marine Chemical Enterprise

MGE: Myanmar Gems Enterprise

MICPA: Myanmar Institute of Certified Accountants

MSEZL: Myanmar Special Economic Zone Law

NCDP: National Comprehensive Development Plan

NEMC: National Energy Management Committee

NESAC: National Economic and Social Advisory Council

NLD: National League for Democracy

NPV: Net Present Value

NRGI: Natural Resource Governance Institute (formerly known as Revenue Watch Institute)

OAG: Office of the Auditor General

OECD: Organisation for Economic Cooperation and Development

PAPD: Project Appraisal and Progress Department

PCC: Performance Compensation Contract

PEFA: Public Expenditure and Financial Accountability

PFM: Public Financial Management

PPA: Power Purchase Agreement

PSC: Production Sharing Contract

RCDP: Regional Comprehensive Development Plans

RCSS: Restoration Council of Shan State

SDN: Specially Designated Nationals List

SEE: State Economic Enterprise

SESA: Strategic Environmental and Social Assessment

SEZ: Special Economic Zone

SIA: Social Impact Assessment

SIC: Standing Interpretations Commitee

SLORC: State Law and Order Restoration Council

SME: Small and Medium Enterprise

SNDP: Shan Nationalities Development Party

SOE: State-Owned Enterprise

SLORC: State Law and Order Restoration Council

SLP: Social and Labour Plan

SLRDP: Settlement and Land Records Department

SNDP: Shan Nationalities Development Party

SOEEL: State Owned Economic Enterprises Law

SPDC: State Peace and Development Council

STH: Shwe Taung Hydropower Co

TAC: Terms and Conditions

tcf: Trillion Cubic Feet

TNLA: Ta-ang National Liberation Army

TOR: Terms of Reference

TRG: Transcontinental Group

UMEHL: Union of Myanmar Economic Holdings Ltd.

UNDP: United Nations Development Programme

UNFC: United Nationalities Federation Council

USDP: Union Solidarity and Development Party

UWSA: United Wa State Army

YPIC: Yunnan Power International Energy Co. Ltd

# မာတိကာ


အတိုကောက်ဝေါဟာရများ 5

မာတိကာ 8

အစီရင်ခံစာအနှစ်ချုပ် 11

အခန်း (၁) နိဒါန်း **Error! Bookmark not defined.**

အခန်း (၂) အဖွဲ့အစည်းပိုင်းဆိုင်ရာ လေ့လာသုံးသပ်ချက် **Error! Bookmark not defined.**

အခန်း (၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု **Error! Bookmark not defined.**

အခန်း (၄) ဒေသန္တရ အုပ်ချုပ်ရေးစနစ် **Error! Bookmark not defined.**

အခန်း (၅) စာချုပ်နှင့် ပိုင်ဆိုင်မှုများ **Error! Bookmark not defined.**

အခန်း (၆) ငွေကြေးစီးဆင်းမှု **Error! Bookmark not defined.**

အခန်း (၇) ရေအားလျှပ်စစ်ကဏ္ဍ **Error! Bookmark not defined.**

အခန်း (၈) လူမှုပတ်ဝန်းကျင် **Error! Bookmark not defined.**

အခန်း (၉) EITI အကောင်အထည်ဖော်ခြင်း **Error! Bookmark not defined.**

နောက်ဆက်တွဲ (၁) ကျမ်းကိုးစာရင်း **Error! Bookmark not defined.**

နောက်ဆက်တွဲ (၂) အကြီးစားသတ္တုတွင်းလုပ်ငန်းများ **Error! Bookmark not defined.**

နောက်ဆက်တွဲ (၃) တာဝန် နှင့် ဝတ္တရားများ **Error! Bookmark not defined.**

နောက်ဆက်တွဲ (၄) မြန်မာနိုင်ငံ၏ ဘူမိရုပ်ဝန်းပြမြေပုံ (၂၀၀၈) **Error! Bookmark not defined.**

နောက်ဆက်တွဲ (၅) မြန်မာနိုင်ငံ၏ ဓာတ်သတ္တု အရန်ပမာဏ **Error! Bookmark not defined.**

နောက်ဆက်တွဲ (၆) ရေလှောင်တမံ အကောင်း နှင့် အဆိုး **Error! Bookmark not defined.**

နောက်ဆက်တွဲ (၇) ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ပါ စည်းကမ်းချက်များ **Error! Bookmark not defined.**

နောက်ဆက်တွဲ (၈) မြန်မာနိုင်ငံ၏ သယံဇာတလုပ်ငန်း များအပေါ် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အမြင်များ**Error! Bookmark not defined.**

နောက်ဆက်တွဲ (၉) မြန်မာနိုင်ငံ၏လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ **Error! Bookmark not defined.**


## ရုပ်ပုံများ


ပုံ (1) သယံဇာတလုပ်ငန်းများ၏ လုပ်ငန်းစဉ်အဆင့်ဆင့်အပေါ် သုတေသနပြုလုပ်ခြင်း **Error! Bookmark not defined.**

ပုံ (2) မြန်မာနိုင်ငံ၏ သယံဇာတလုပ်ငန်းများဆိုင်ရာ အစိုးရအဖွဲ့အစည်းများ **Error! Bookmark not defined.**

ပုံ (3) သတ္တုတွင်းဝန်ကြီးဌာနဖွဲ့စည်းပုံ **Error! Bookmark not defined.**

ပုံ (4) သတ္တုတွင်း စူးစမ်းရှာဖွေခွင့် ရရှိရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ **Error! Bookmark not defined.**

ပုံ (5) သတ္တုတွင်းထုတ်လုပ်ခွင့် ရရှိရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် **Error! Bookmark not defined.**

ပုံ (6) စွမ်းအင်ဝန်ကြီးဌာနဖွဲ့စည်းပုံ **Error! Bookmark not defined.**

ပုံ (7) မြန်မာ့ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်နေရာများပြမြေပုံ **Error! Bookmark not defined.**

ပုံ (8) ရေနံနှင့်သဘာဝဓာတ်ငွေ့ ကန်ထရိုက်စာချုပ် နှင့် တင်ဒါတင်သွင်းခြင်းလုပ်ငန်းစဉ်အဆင့်ဆင့် **Error! Bookmark not defined.**

ပုံ (9) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းပြမြေပုံ **Error! Bookmark not defined.**

ပုံ (10) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍများ **Error! Bookmark not defined.**

ပုံ (11) ၁၉၈၉ ခုနှစ် မှစတင်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်သည့်အခြေအနေ **Error! Bookmark not defined.**

ပုံ (12) သဘောတူပြီး နှင့် အမှန်တကယ်စီးဝင်သည့် ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ **Error! Bookmark not defined.**

ပုံ (13) နယ်စပ်ဒေသများသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှု အခြေအနေ **Error! Bookmark not defined.**

ပုံ (14) ပြည်နယ်/ တိုင်းဒေသကြီး အလိုက် အကြီးစားသတ္တုတွင်း လုပ်ငန်းများ **Error! Bookmark not defined.**

ပုံ (15) မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး နယ်နိမိတ်များ **Error! Bookmark not defined.**

ပုံ (16) ပြည်နယ်/ တိုင်းဒေသကြီးများ၏ အထွေထွေအုပ်ချုပ်ရေးဌာန ဖွဲ့စည်းပုံ **Error! Bookmark not defined.**

ပုံ (17) MATA ၏ ဖွဲ့စည်းပုံ (နိုင်ငံတော်အဆင့်မှ ဒေသန္တရအဆင့်ထိ) **Error! Bookmark not defined.**

ပုံ (18) MATA ၏ဒေသအဆင့် လုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းမှု **Error! Bookmark not defined.**

ပုံ (19) SEP အစီအစဉ်တွင် ပါဝင်သည့် ရွာပေါင်း (၃၃) ရွာ၏ မြေပုံ **Error! Bookmark not defined.**

ပုံ (20) မွန်ပြည်နယ်အတွင်းရှိ ခနောက်စိမ်း သတ္တုတွင်းများ **Error! Bookmark not defined.**

ပုံ (21) ရတနာ သဘာဝဓာတ်ငွေ့လုပ်ကွက်၏ စာချုပ်ချုပ်ဆိုမှုပုံစံ **Error! Bookmark not defined.**

ပုံ (22) မြန်မာနိုင်ငံ၏ သယံဇာတလုပ်ငန်းများမှ ဝင်ငွေများ စီးဆင်းမှုအခြေအနေ **Error! Bookmark not defined.**

ပုံ (23) အခွန်နှင့် အခွန်မဟုတ်သည့် ဝင်ငွေများဆိုင်ရာ ဥပဒေမူဘောင်များ **Error! Bookmark not defined.**

ပုံ (24) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ ဝင်ငွေများ စီးဝင်မှု **Error! Bookmark not defined.**

ပုံ (25) သတ္တုတွင်းကဏ္ဍမှ ဝင်ငွေများ စီးဝင်မှု - အကြီးစားသတ္တုတွင်းလုပ်ငန်း **Error! Bookmark not defined.**

ပုံ (26) အမှတ် (၁) သတ္တုတွင်းလုပ်ငန်း ဝင်ငွေစီးဝင်မှု **Error! Bookmark not defined.**

ပုံ (27) ရွှေထုတ်လုပ်ရေးစီမံကိန်း - ထုတ်လုပ်မှုကို ခွဲဝေခြင်း **Error! Bookmark not defined.**

ပုံ (28) ကျောက်မျက်ရတနာအဖွဲ့အစည်းများ - ဝင်ငွေစီးဝင်မှု **Error! Bookmark not defined.**

ပုံ (29) ၂၀၁၃-၁၄ ခုနှစ်၊ လအလိုက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အခြေအနေ **Error! Bookmark not defined.**

ပုံ (30) ရေအားလျှပ်စစ်ကဏ္ဍမှ ငွေကြေးစီးဆင်းမှု (တရုတ်နှင့် ဖက်စပ်လုပ်ငန်း ) **Error! Bookmark not defined.**

ပုံ (31) ကျောက်စိမ်းထုတ်လုပ်ခြင်း **Error! Bookmark not defined.**

ပုံ (32) လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းအနီး လယ်မြေ များတွင် ဆန္ဒပြနေသူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များမှ တားဆီးနေပုံ **Error! Bookmark not defined.**

ပုံ (33) ရွှေထုတ်လုပ်ခြင်း **Error! Bookmark not defined.**

ပုံ (34) MEITI အစီရင်ခံခြင်း လုပ်ငန်းစဉ်များ **Error! Bookmark not defined.**

ပုံ (35) မြန်မာနိုင်ငံ၏ မဟာဓာတ်အားလိုင်းစနစ် **Error! Bookmark not defined.**

## ဇယားဖော်ပြချက်များ

ဇယား (1) တရားဝင်ထိန်းချုပ်ကွပ်ကဲမှုလုပ်ငန်းစဉ်အဆင့်ဆင့် **Error! Bookmark not defined.**

ဇယား (2) ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများ **Error! Bookmark not defined.**

ဇယား (3) ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများ **Error! Bookmark not defined.**

ဇယား (4) : မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်း **Error! Bookmark not defined.**

ဇယား (5) ကုမ္ပဏီများမှတ်ပုံတင်စာရင်းအရ မြန်မာနိုင်ငံသို့ တရားဝင်စီးဝင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစာရင်း**Error! Bookmark not defined.**

ဇယား (6) ကုန်းတွင်း နှင့် ကမ်းလွန်လုပ်ကွက်များ၏ နိုင်ငံအလိုက်ပိုင်ဆိုင်မှု အခြေအနေ **Error! Bookmark not defined.**

ဇယား (7) ကုန်းတွင်းလုပ်ကွက် ခွဲဝေမှုအချိုး **Error! Bookmark not defined.**

ဇယား (8) ကုန်းတွင်းလုပ်ကွက်ခွဲဝေမှုအချိုး **Error! Bookmark not defined.**

ဇယား (9) စွမ်းအင်ဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ရေနံ နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ **Error! Bookmark not defined.**

ဇယား (10) ရှယ်ယာအမျိုးအစားများ **Error! Bookmark not defined.**

ဇယား (11) UMEHL ၏ သတ္တုတွင်းလုပ်ငန်းများ (အကုန်မဟုတ်ပါ) **Error! Bookmark not defined.**

ဇယား (12) MEC ၏ သတ္တုတွင်းလုပ်ငန်းများ (အကုန်မဟုတ်ပါ) **Error! Bookmark not defined.**

ဇယား (13) ကုမ္ပဏီဝင်ငွေခွန်နှုန်းထားများ **Error! Bookmark not defined.**

ဇယား (14) အခြားအခွန်နှုန်းထားများ **Error! Bookmark not defined.**

ဇယား (15) PSC စာချုပ်ပါ အခွန်မဟုတ်သည့်စည်းကမ်းချက်များ အကျဉ်းချုပ် **Error! Bookmark not defined.**

ဇယား (16) ၂၀၁၂ ခုနှစ်တွင် လည်ပတ်လျက်ရှိသော ရေအားလျှပ်စစ်လုပ်ငန်းများ **Error! Bookmark not defined.**

ဇယား (17) ဝန်ကြီးဌာနမှ လျာထားသည့် ရေအားလျှပ်စစ်လုပ်ငန်းများ **Error! Bookmark not defined.**

ဇယား (18) ဖက်စပ် နှင့် BOT စနစ်အကျ ဒေသလုပ်ငန်းရှင်များမှ လုပ်ဆောင်မည့် ရေအားလျှပ်စစ်လုပ်ငန်းများ**Error! Bookmark not defined.**

ဇယား (19) စွမ်းအင်ဝန်ကြီးဌာနမှ စိစစ်ဆဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ **Error! Bookmark not defined.**

ဇယား (20) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ **Error! Bookmark not defined.**

ဇယား (21) အလုပ်သမားဥပဒေပါ - လူမှုရေးအကာအကွယ်ပေးမှုများ **Error! Bookmark not defined.**

ဇယား (22) သတ္တုတွင်းကြောင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆက်ဆံရေးပြဿနာများ **Error! Bookmark not defined.**

ဇယား (23) ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကြောင့် လူမှုပတ်ဝန်းကျင် ဘေးထွက်ဆိုးကျိုးများ**Error! Bookmark not defined.**

ဇယား (24) မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ ယေဘူယျအခြေအနေ **Error! Bookmark not defined.**

# အစီရင်ခံစာအနှစ်ချုပ်

ဤအစီရင်ခံစာသည် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တုတွင်း (ကျောက်စိမ်း နှင့် ကျောက်မျက်ရတနာများ) နှင့် ရေအားလျှပ်စစ် တို့၏ ဖွဲ့စည်းမှုပိုင်း နှင့် စည်းမျဉ်းပိုင်းဆိုင်ရာ အခြေခံဆန်းစစ်ချက် အစီရင်ခံစာ ဖြစ်ပါသည်။[1] ယခုအစီရင်ခံစာသည် တွင်းထွက် သယံဇာတ အရင်းအမြစ်များ တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) အစီရင်ခံစာတစ်စောင် ဖြစ်သော်လည်း လုပ်ငန်းနယ်ပယ်သတ်မှတ်ရန် ကဏ္ဍအားလုံး ပါဝင်သော ပြီးပြည့်စုံသည့် အစီရင်ခံစာဟု မမှတ်ယူစေလိုပါ။ မြန်မာနိုင်ငံတွင် EITI အကောင်အထည်ဖော်ဆောင်ခြင်း ရှုထောင့်မှ လေ့လာပြီး ရေးသားထားသည့် အစီရင်ခံစာ ဖြစ်ပြီး သဘာဝသယံဇာတ စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်လာစေရေး အတွက်လည်း ရည်ရွယ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် သဘာဝသယံဇာမူဝါဒ ရေးဆွဲခြင်း၊ ဥပဒေ နှင့် စည်းကမ်းချက်များ၊ ဘတ်ဂျက်မူဝါဒများ၊ အခွန်စနစ်များ (တွင်းထွက် သယံဇာတ အရင်းအမြစ်များ တူးဖော်ရေး စက်မှုလုပ်ငန်းများ နှင့် သက်ဆိုင်သည့် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးအတွက် အထောက်အကူများအပါအဝင်)၊ လုပ်ကိုင်ခွင့်များကို စီမံခန့်ခွဲခြင်း၊ လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးရေး နှင့် ပတ်ဝန်းကျင် နှင့် လူမှုရေး အပေါ် အကျိုးသက်ရောက်မှု လျှော့ချရေးစသည့် လုပ်ငန်းစဉ်များအပေါ် ဆန်းစစ်ရန် နှင့် စွမ်းဆောင်ရည် မြှင့်တင်သွားရန် လိုအပ်ပါသည်။

ထိုလုပ်ငန်းစဉ်များ မစတင်မီ မြန်မာနိုင်ငံ၏ လက်ရှိ ပြုပြင် ပြောင်းလဲမှုများအပေါ် အခြေခံဆန်းစစ်ချက် ပြုလုပ်ရန် လိုအပ်ပါသည်။ အာဏာရှင်အစိုးရလက်အောက်တွင် နှစ်ပေါင်း (၅၀) ကျော် ကြာမြင့်ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စီးပွားရေး နှင့် နိုင်ငံရေး ဘက်စုံပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ စတင်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ မှားယွင်းသောစီးပွားရေးစီမံခန့်ခွဲမှု၊ ပဋိပက္ခ နှင့် စစ်အုပ်ချုပ်ရေး တို့အကြား ဖြတ်သန်းခဲ့ရသည့် တွင်းထွက် သယံဇာတ အရင်းအမြစ်များ တူးဖော်ရေး စက်မှုလုပ်ငန်းများ (သယံဇာတ လုပ်ငန်းများ) သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု နှင့် အားလုံးအကျိုးဝင်မှု တို့ရှိလာစေရန် ခက်ခဲသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ အထူးသဖြင့် သဘာဝသယံဇာတမှ ရရှိသည့် ဝင်ငွေများကို စီမံခန့်ခွဲရသည့် အဖွဲ့အစည်းများတွင် သိသာထင်ရှားပါသည်။ နိုင်ငံရေးဆိုင်ရာစီးပွားရေးရှုထောင့်မှ ကြည့်ရှုပါက မြန်မာနိုင်ငံသည် အကူးအပြောင်းကို လျှောက်လှမ်းနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၎င်း၏ ဒီမိုကရေစီစနစ်သည် အတိတ်က ဖြတ်သန်းခဲ့ရသည့် စစ်အုပ်ချုပ်ရေး နှင့် လွှတ်တော်တွင် တပ်မတော်မှ ၂၅% ရယူထားသည့် အရိပ်များ လွှမ်းမိုးလျက် ရှိနေပါသေးသည်။

သယံဇာတလုပ်ငန်းများသည် သတင်းအချက်အလက် ကန့်သတ်ချက်များရှိသည့် မှောင်အတွင်းတွင် နာကြည်းချက်များ နှင့် ခွဲဝေမှုအပေါ် အငြင်းပွားမှုများဖြင့် ဖုံးလွှမ်းနေသည့် အစိုးရ၊ ကုမ္ပဏီများ နှင့် လူမှုအဖွဲ့အစည်းများ (ဒေသခံအဖွဲ့များ) အကြား လှုပ်ရှားနေကြပါသည်။ လွန်ခဲ့သည့် (၂) နှစ်ခန့်က ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ စတင်ချိန်တွင် အခြေ အနေမှာ အတော်ပင် ဆိုးဝါးခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် EITI ၏ အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် ကြေညာခဲ့ပြီး နောက်ပိုင်း မြန်မာ EITI ၏ လုပ်ငန်းများတွင် ပါဝင်သူများ အားလုံးအတွက် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်လာရ တော့မည် ဖြစ်ပါသည်။ ယခင်က သယံဇာတလုပ်ငန်းများနှင့်ပတ်သက်သည့် နာကြည်းချက် များကို ဖြေရှင်းရာတွင် မူဝါဒပိုင်း နှင့် စေ့စပ်ဆွေးနွေးမှုများဖြင့် ဖြေရှင်းခြင်းထက် အင်အားသုံးပြီး အတင်းအဓမ္မဖြေရှင်းသည့် နည်းလမ်းကို ကျင့်သုံးခဲ့ပါသည်။ သို့ဖြစ်၍ သတင်းအချက်အလက် အကန့်အသတ်အကြား တစ်ဦးနှင့်တစ်ဦး အယုံအကြည် ကင်းမဲ့နေမှုများ ရှိနေသည်ကို ဝန်ခံရမည်ဖြစ်ပါသည်။ EITI ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ဆေးမြီးတိုဖြင့် ကုသခြင်းမဟုတ်ပါ။ အချက်အလက်များ၏ အရည်အသွေး၊ သယံဇာတလုပ်ငန်းများ၏ စံညွှန်းများ နိုင်ငံတကာ အဆင့်မီစေရန် နှင့် အုပ်ချုပ်မှုပိုင်းဆိုင် ဆွေးနွေးမှုများ ပေါ်ထွန်းလာစေရန်အတွက် နှစ်အနည်းငယ်ကြာမြင့်ဦးမည် ဖြစ်ပါသည်။ အောက်တွင် ဖော်ပြထားချက်များမှာ ယခုအစီရင်ခံစာပါ တွေ့ရှိချက်များကို အကျဉ်းချုပ် နှင့် နယ်ပယ် ကဏ္ဍ (၃) ခုအတွက် ဖော်ပြထားခြင်း ဖြစ်ပါသည်။

---

[1] အခြား သယံဇာတလုပ်ငန်းများဖြစ်သည့် သစ်တော နှင့် သားငါး ကဏ္ဍများကို ဆန်းစစ်ချက် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိသော်လည်း MEITI MSG အနေဖြင့် EITI နယ်ပယ်သတ်မှတ်ခြင်း အစီရင်ခံစာတွင် ထည့်သွင်းလိုပါက ထည့်သွင်းနိုင်ပါသည်။

## သတ္တုတွင်းကဏ္ဍ

- သတ္တုတွင်းဝန်ကြီးဌာနတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၆) ခု နှင့် အုပ်ချုပ်မှုဆိုင်ရာ ဦးစီးဌာန (၂) ခုရှိပါသည်။
- ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဓာတ်သတ္တုတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁,၁၅၀.၂ သန်း ရရှိခဲ့ပါသည်။[2]
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်းများ ဦးစီးဆောင်ရွက်ခြင်းထက် စည်းကမ်းထိန်းသိမ်းရေး နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာများသို့ ပြောင်းလဲဆောင်ရွက်နေသော်လည်း ပြီးစီးရန် အတန်ပင်ဝေးကွာနေပါသေးသည်။
- သတ္တုတွင်းဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအရ ဒေသန္တရအစိုးရများသည် သတ္တုတွင်းများ စစ်ဆေးခြင်း နှင့် ထိန်းချုပ်ကွပ်ကဲခြင်းများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပါ သည်။
- ၂၀၀၈ ခုနှစ်တွင် ဘူမိဗေဒဆိုင်ရာ စာရင်း နောက်ဆုံးကောက်ယူခဲ့ပါသည်။ အဓိကတွေ့ရှိထားသည့် သတ္တုများမှာ ကြေးနီ၊ ရွှေ၊ နီကယ်၊ ခနောက်စိမ်း၊ ငွေ၊ ခဲ၊ ဇင့်၊ ခဲမဖြူ နှင့် အဖြိုက်နက်များ ဖြစ်ပါသည်။ အချက်အလက် ရရှိနိုင်မှု နှင့် အရည်အသွေးနိမ့်ကျမှုတို့ကြောင့် နိုင်ငံတကာ အဆင့်မီ သတ္တုသိုက် အနည်းငယ်ကိုသာ အတည်ပြု နိုင်ခဲ့ပါသည်။
- မြန်မာနိုင်ငံ မြောက်ပိုင်းတွင်မှု ကမ္ဘာပေါ်တွင် အရည်အသွေးအမြင့်မားဆုံးဖြစ်သော ကျောက်စိမ်း အမျိုးမျိုးထွက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁,၀၁၁.၆ သန်း စံချိန်တင် တင်ပို့နိုင်ခဲ့ပါသည်။ ထိုအတောအတွင်း ၁၇,၂၈၆,၆၄ ကာရက်ရှိ ကျောက်မျက်ရတနာမျိုးစုံ ထုတ်လုပ်နိုင်ခဲ့ပါသည်။[3]
- မြန်မာကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ကျင်းပပြီး ၂၀၁၄ ခုနှစ်တွင် ကျောက်မျက်ရတနာများ နှင့် ကျောက်စိမ်း အမေရိကန်ဒေါ်လာ ၃.၄ ဘီလီယံ ရောင်းချခဲ့ပြီး ဖြစ်ပါသည်။
- လက်ရှိတွင် အကြီးစားလုပ်ကိုင်ခွင့် ၁၃၉ ခု နှင့် အသေးစားလုပ်ကိုင်ခွင့်ပေါင်း ၁,၃၁၅ ကျော် လုပ်ကိုင်ခွင့်ပြုထားပါသည်။ သို့သော်လည်း ၎င်းတို့၏ သက်တမ်း၊ သဘောတူညီချက်များ နှင့် ပိုင်ဆိုင်မှု များနှင့်ပတ်သက်ပြီး ဂဃနဏ သိရှိနိုင်ခြင်း မရှိသေးပါ။
- ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်များတွင် သယံဇာတ လုပ်ငန်းများ နှင့်သက်ဆိုင်သည့် လွှတ်တော်ရေးရာကော်မတီ (၂) ရပ်ရှိပါသည်။
- သယံဇာတလုပ်ငန်းများ လုပ်ကိုင်ရာတွင် နည်းစနစ်ညံ့ဖျင်းမှုများကို တိကျစွာ မှတ်တမ်းတင်ထားမှုများစွာ ရှိပါသည်။ အထူးသဖြင့် လူထုနှင့်ထိတွေ့မှုမရှိခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်စေခြင်း၊ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ အဓမ္မရွှေ့ပြောင်းခိုင်းမှုများ နှင့် မြေယာသိမ်းဆည်းမှုများ ဖြစ်ပေါ်နေပါသည်။ ယင်းကိစ္စများနှင့်ပတ်သက်၍ အရပ်ဖက် လူမှုအဖွဲ့အစည်းများမှ စီမံကိန်းများအလိုက် အဓိက အကျိုးသက်ရောက်မှုများကို မှတ်တမ်းတင် အစီရင်ခံမှုများ ရှိခဲ့ပါသည်။
- ယေဘူယျအားဖြင့် လက်ရှိစီမံကိန်းများ၏ ပတ်ဝန်းကျင် နှင့် လူမှုရေးအကျိုးသက်ရောက်မှုဆိုင်ရာ အကဲဖြတ်မှု (ESIAs) များ ရရှိနိုင်ခြင်းမရှိသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများအရ ESIA ဆိုင်ရာ ဥပဒေမူဘောင်များ ရေးဆွဲပြီးစီးတော့ မည်ဖြစ်ပါသည်။
- သတ္တုတွင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာ မရှိသည့်အတွက် အုပ်ချုပ်မှုပိုင်း နှင့် လုပ်ကိုင်ခွင့်များ ထုတ်ပေးရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိပါ။
- မြန်မာနိုင်ငံတွင် လက်လုပ်လက်စား လုပ်ငန်းပေါင်း ၂၄ ခုနှင့် အသေးစားလုပ်ကိုင်ခွင့် ၁၄၁ ခု လုပ်ကိုင်လျက်ရှိပြီး ဓာတ်သတ္တုခွန် နှင့် မြေခွန်တို့ကို ကောင်ခံလျက်ရှိပါသည်။ သို့သော်လည်း လက်လုပ်လက်စား လုပ်ကွက်များအပေါ် စည်းကမ်းထိန်းသိမ်းသည့် စနစ်မရှိသေးပါ။ ထို့ပြင် အဆိပ်အတောက်ဖြစ်စေသည့် ပြဒါးအသုံးပြုမှုနှင့်ပတ်သက်၍ ထိန်းချုပ်ကွပ်ကဲ နိုင်ခြင်း မရှိသေးပါ။
- ခန့်မှန်းချက်များအရ ကချင်ပြည်နယ်တွင် တူးဖော်ရရှိသည့် ကျောက်စိမ်း စုစုပေါင်း၏ ၅၀% မှာ တရုတ်နိုင်ငံသို့ မှောင်ခိုလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်လျက်ရှိနေပါသည်။
- လုပ်ကိုင်ခွင့် သတ်မှတ်ချက် နှင့် ကနဦးပေးသွင်းရသည့် ငွေပမာဏ မြင့်မားနေမှုများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အတားအဆီးဖြစ်စေပါသည်။
- မြန်မာနိုင်ငံတွင် ပိတ်ဆို့မှုများကြောင့် ငွေများမှာ ပြည်တွင်း၌သာ လည်ပတ်နေပြီး တရုတ်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပြန်လည် ရင်းနှီးမြှုပ်နှံမှုများ နှင့် ငွေကြေးထည့်ဝင်မှုများ ပြုလုပ်ခြင်း မရှိသည့်အတွက် သတ္တုတွင်း အရင်းအမြစ်များကို တွက်ချက်ရာတွင် ဈေးနှုန်း ကွာဟချက် မြင့်မားနေပါသည်။

---

[2] Data for July 2013- June 2014 taken from the GOUM Central Statistics Office, Selected Monthly Economic Indicators (June 2014). https://www.csostat.gov.mm/sdetails01.asp.

[3] Data for July 2013- June 2014 taken from the GOUM Central Statistics Office, Selected Monthly Economic Indicators (June 2014). https://www.csostat.gov.mm/s14MA02.htm

## ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ

- စွမ်းအင်ဝန်ကြီးဌာနတွင် စွမ်းအင်စီမံကိန်းဦးစီးဌာန နှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၃) ခုဖြစ်သည့် မြန်မာ့ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)၊ မြန်မာ့ရေနံဓါတုလုပ်ငန်း (MPE) နှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း (MPPE) တို့ဖြင့် ဖွဲ့စည်းထားပါသည်။
- ၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၄ ခုနှစ်၊ ဇွန်လအထိ ရေနံစိမ်းစည်ပေါင်း ၆.၂ သန်း နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ သန်းပေါင်း ၅၀၀,၁၉၀ ထုတ်လုပ်ခဲ့ပါသည်။[4].
- ၁၉၃၄ ခုနှစ်တွင် ပြဌာန်းခဲ့သည့် ရေနံအက်ဥပဒေမှာ ခေတ်မမီတော့ဘဲ ရေနံဥပဒေသစ်အား ရေးဆွဲရန် ဆောင်ရွက်နေပါသည်။ စာချုပ်များကိုချုပ်ဆိုရာတွင်မူ ဥပဒေအစား လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။
- လက်ရှိအခြေအနေတွင် ကုန်းတွင်း လုပ်ကွက် ၁၆ ကွက် နှင့် ကမ်းလွန်လုပ်ကွက် ၁၉ ကွက်တို့တွင် စူးစမ်းရှာဖွေမှု နှင့် ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်လျက် ရှိနေပါသည်။ ကမ်းလွန်လုပ်ကွက်များမှ ရွှေဂက်စ်၊ ရတနာ နှင့် ရဲတံခွန် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများအတွက် ပို့လွှတ်ပေးနေပါသည်။ ရွှေဂက်စ် ပိုက်လိုင်းမှာ ၂၀၁၃ ခုနှစ်တွင် စတင်လည်ပတ်ခဲ့ပြီး ရတနာ နှင့် ရဲတံခွန်ပိုက်လိုင်းများမှာ ၁၉၉၈ ခုနှစ် နှင့် ၂၀၀၀ ပြည့်နှစ်တို့တွင် အသီးသီး စတင်လည်ပတ်ခဲ့ပါသည်။
- ၂၀၁၃-၁၄ ခုနှစ်များတွင် ကုန်းတွင်း နှင့် ကမ်းလွန်လုပ်ကွက်များအတွက် လေလံဖွင့်လှစ်ခဲ့ပြီး လုပ်ကွက်ပေါင်း (၃၆) ကွက် သတ်မှတ်ပေးခဲ့ပါသည်။ အဆိုပါလုပ်ကွက်များအား Shell, Eni, Statoil, BG နှင့် Woodside တို့မှ ရရှိခဲ့ပါသည်။
- အဆိုပါ လေလံများ၏ ပွင့်လင်းမြင်သာမှု နှင့် လုပ်ကိုင်ခွင့် ရရှိသည့် ကုမ္ပဏီများကို ပိုင်ဆိုင်မှုများနှင့်ပတ်သက်ပြီး မေးခွန်းများ ထုတ်လာခဲ့ပါသည်။
- အမေရိကန်ဘူမိဗေဒစာရင်းအင်းအဖွဲ့၏ ၂၀၁၂ ခုနှစ် ခန့်မှန်းချက်များအရ ရေနံစိမ်းစည်ပေါင်း ၂.၃ ဘီလီယံ ခန့် နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၇၉.၆ ထရီလီယံခန့် ရှိမည်ဟု ခန့်မှန်းထားပါသည်။
- အခွန်ပေးသွင်းငွေများကို ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ပြည်တွင်းအခွန်များဦးစီးဌာနသို့ တိုက်ရိုက်ပေးသွင်းရပြီး အခွန်မဟုတ်သော ပေးသွင်းငွေများဖြစ်သည့် ခိုင်ကြေးကိုမူ MOGE ထံပေးသွင်းရပါသည်။
- နိုင်ငံခြားငွေစာရင်း အသုံးပြုမှုကို လက်ခံသော်လည်း ပွင့်လင်းမြင်သာမှု နှင့် ငွေလဲလှယ်မှုနှုန်းများနှင့်ပတ်သက်၍ စွန့်စားရမှုများ ရှိပါသည်။

## ရေအားလျှပ်စစ်ကဏ္ဍ

- ရေအားလျှပ်စစ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူထုတ်လုပ်ဖြန့်ဖြူးပြီး ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန နှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း (HPGE) တို့ဖြင့် ဖွဲ့စည်းထားပါသည်။
- လျှပ်စစ်ဓာတ်အားဆိုင်ရာ စီမံခန့်ခွဲသည့် အာဏာပိုင်အဖွဲ့ ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါသည်။
- လျှပ်စစ်ဓာတ်အား ဥပဒေသစ်တစ်ရပ် ရေးဆွဲနေပြီး လျှပ်စစ်ဓာတ်အားဆိုင်ရာ စီမံခန့်ခွဲရေး ကော်မရှင် ဖွဲ့စည်းသွားမည် ဖြစ်ပါသည်။
- ရေအားလျှပ်စစ် ဖက်စပ်ထုတ်လုပ်သည့်လုပ်ငန်း (၃) ခု လုပ်ကိုင်လျက်ရှိရာ ရွှေလီ (၁) မှာ မီဂါဝပ် ၆၀၀၊ တာပိန် (၁) မှာ မီဂါဝပ် ၂၄၀ နှင့် ချီဖွေ မှာ မီဂါဝပ် ၉၉ တို့ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် ရွှေလီ (၁) တစ်ခုတည်းသာ စီးပွားဖြစ် ထုတ်လုပ်နိုင်ပါသေးသည်။
- ၂၀၁၃ ခုနှစ် ရေအားလျှပ်စစ်ဓာတ်အား ထွက်ရှိမှုမှာ ၂,၇၈၀ မီဂါဝပ်အထိ ရရှိခဲ့သော်လည်း နွေရာသီတွင်မူ တပ်ဆင်ထားရှိမှု၏ ၃၅% ကိုသာ ထုတ်လုပ်ပေးနိုင်ပါသည်။
- ဖက်စပ်လုပ်ငန်းများအနေဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းသို့ ရောင်းချရငွေများကို ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ရသုံး ခန့်မှန်းခြေငွေစာရင်းဦးစီးဌာနသို့ လစဉ် စာရင်းများ ပေးပို့ရပါ သည်။
- လက်ရှိအခြေအနေတွင် ရေအားလျှပ်စစ်လုပ်ငန်း (၁၈) ခု လည်ပတ်နေပြီး အချို့မှာ HPGE မှပိုင်ဆိုင်ပြီး အချို့မှာ ပုဂ္ဂလိကမှပိုင်ဆိုင်ပါသည်။ ၎င်းတို့၏ တပ်ဆင်ထုတ်လုပ်မှု အခြေအနေနှင့်ပတ်သက်၍ အချက်အလက် အနည်းငယ်သာ သိရှိနိုင်ပါသည်။
- မြန်မာအစိုးရအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ရေအားမှ လျှပ်စစ်ဓာတ်အား အဓိကထုတ်လုပ်ရန် ရည်ရွယ်ထားပါသည်။

[4] Data for July 2013- June 2014 taken from the GOUM Central Statistics Office, Selected Monthly Economic Indicators (June 2014). https://www.csostat.gov.mm/S11MA0206.htm

- ရောဂတီမြစ်ပေါ်ရှိ မြစ်ဆုံစီမံကိန်းအပါအဝင် ရေအားလျှပ်စစ်စီမံကိန်း (၇) မှာ ယခုအခါ ဆိုင်းငံ့ထားပါသည်။ ၎င်းတို့နှင့် ပတ်သက်၍ မြစ်အသုံးပြုမှု အခြေအနေ နှင့် အဆင့်အတန်းမီ စီမံကိန်းအချက်အလက် အနည်းငယ်သာ ရရှိထားပါသည်။ မြန်မာအစိုးရအနေဖြင့် ယင်းကန့်သတ်ချက်ကို နားလည်ပြီး အမျိုးသား ရေသယံဇာတ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထားပြီး အချက်အလက်များ၏ အရည်အသွေးကို မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိပါသည်။
- ရေအားလျှပ်စစ်ထုတ်လုပ်မှုအား ပြည်ပသို့တင်ပို့မှုကြောင့် ဂင်ငွေများ ရရှိခဲ့ရာ ဧပြီ (၁) နှင့် တာပိန် (၁) တို့မှ ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၂၀ ရရှိခဲ့ပါသည်။ သို့သော်လည်း ပြည်တွင်းတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက် အလွန်အမင်း မြင့်မားလျက် ရှိနေပါသည်။
- အကယ်၍ ရေအားလျှပ်စစ်ကဏ္ဍတွင် အဆိုပြုထားသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုခဲ့မည်ဆိုပါက လျှပ်စစ်ဓာတ်အား ဂီဂါဂပ် ၄၁ နှင့် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံခန့် ရရှိမည်ဖြစ်ပါသည်။
- တရုတ်နှင့်ဖက်စပ်လုပ်ကိုင်သည့် လုပ်ငန်းများအတွက် အခွန်များ (ကုန်သွယ်လုပ်ငန်းခွန်၊ ပင်ရင်းမှဖြတ်တောက်ငွေ နှင့် ဂင်ငွေခွန်) Export Import Bank of China မှ ပေးဆောင်ပါသည်။

## အစိုးရဌာနအချင်းချင်း ညှိနှိုင်းဆက်သွယ်မှု

- အစိုးရဌာနများသည် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးခြားစီ ရပ်တည်လေ့ရှိကြပြီး ဤအစီရင်ခံစာ၌ သယံဇာတလုပ်ငန်းများနှင့်ပတ်သက်၍ အစိုးရဌာနများ အချင်းချင်း မည်သို့မည်ပုံ ညှိနှိုင်းဆက်သွယ်ကြသည်ကို တင်ပြသွားမည် ဖြစ်ပါသည်။
- သယံဇာတလုပ်ငန်းများ နှင့်သက်ဆိုင်သည့် ဂန်ကြီးဌာန (၂) ခုဖြစ်သည့် သတ္တုတွင်း နှင့် စွမ်းအင်ဂန်ကြီးဌာနများသည် နိုင်ငံပိုင်လုပ်ငန်းများထံ ပေးသွင်းသည့် အခွန်မဟုတ်သည့် ပေးသွင်းငွေများမှ ရရှိသော ကိုယ်ပိုင် ရန်ပုံငွေပေါ်တွင် ရပ်တည်လျက်ရှိကြပါသည်။
- EITI အကောင်အထည်ဖော်နိုင်ရန်အတွက် ဦးဆောင်ကော်မတီ နှင့် လုပ်ငန်းကော်မတီများသည် အစိုးရဌာနများ လက်ခံလာနိုင်စေရန် နှင့် EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (the Multi-Stakeholder Group) မှတစ်ဆင့် ကြီးကြပ်လမ်းညွှန်သွားနိုင်ရန် နှင့် ဟန်ချက်ညီစေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြပါသည်။
- စွမ်းအင်ရေးရာ ညှိနှိုင်းမှုနှင့်ပတ်သက်၍ အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (NEMC) မှ တာဂန်ယူဆောင်ရွက်ပြီး စွမ်းအင်ဖွံ့ဖြိုးရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။
- ဖွံ့ဖြိုးမှုမိတ်ဖက်များ နှင့်ညှိနှိုင်းရာတွင် အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဂန်ကြီးဌာန (စီမံ/စီးပွား) မှ တာဂန်ယူဆောင်ရွက်ပါသည်။
- စီမံ/စီးပွား အနေဖြင့် မကြာသေးမီက နိုင်ငံတကာအကူအညီ ပွင့်လင်းမြင်သာမှုရှိရေး International Aid Transparency Initiative (IATI) အစီအစဉ် တွင်ပါဂင်နိုင်ရန် လက်မှတ်ရေးထိုးခဲ့ပါသည်။
- စီမံ/စီးပွား အောက်တွင် ပြည်သူ့ငွေကြေးစီမံခန့်ခွဲသည့် လုပ်ငန်းအဖွဲ့ Public Financial Management (PFM) ရှိသော်လည်း သဘာဂသယံဇာတ နှင့်ပတ်သက်၍ ဖွဲ့စည်း ထားခြင်း မရှိသေးပါ။
- PFM မှ ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့် အကောင် အထည်ဖော်နေသော စီမံကိန်းများတွင် EITI နှင့်ပတ်သက်သည့် စီမံကိန်းများလည်း ပါဂင်ပါသည်။
- မြန်မာ EITI နှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့အကြား အချက်အလက်များ ဖလှယ်ရန် စီစဉ်နေပြီး အရည်အသွေး ပြည့်ဂသည့် အချက်အလက်များ နှင့် သုံးသပ်ချက်များ ပြုစုနိုင်ခြင်းအားဖြင့် မက်ခရိုစီးပွားရေးစနစ် မူဂါဒများ နှင့် စီမံကိန်းများ ချမှတ်ရာတွင် အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။

## လွှတ်တော်၏အခန်းကဏ္ဍ

- သတ္တုနှင့် သဘာဂသယံဇာတများ စီမံခန့်ခွဲရေးကော်မတီ အပြင် ပြည်သူ့လွှတ်တော် နှင့် လွှတ်တော် (၂) ရပ်ပေါင်း ပူးတွဲပါဂင်သည့် ပြည်သူ့ငွေစာရင်းကော်မတီ အနေဖြင့် EITI အကောင်အထည်ဖော်ရာတွင် အရေးပါသည့်နေရာမှ ပါဂင်နိုင်ပါသည်။ ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နှင့် ပူးပေါင်းလုပ်ဆောင်မှုများ ရှိနေပြီး တစ်နှစ်လျှင် (၂) ကြိမ် စာရင်းစစ် အစီရင်ခံစာများ ရရှိပြီး သက်ဆိုင်သည့် ဌာနများနှင့် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်လျက်ရှိပါသည်။
- EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) နှင့် အစိုးရတို့အနေဖြင့် EITI အစီရင်ခံစာပြုစုရာတွင် ပြည်သူ့ငွေစာရင်းကော်မတီ၏ အခန်းကဏ္ဍအား စဉ်းစားရန် လိုအပ်မည်ဖြစ်ပါသည်။

## ဒေသန္တရအုပ်ချုပ်ရေး

- ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) သည် ဒေသန္တရအဆင့်အုပ်ချုပ်ရေးတွင် အဓိကနေရာမှ ပါဝင်လျက်ရှိပါသည်။
- ပြည်နယ် နှင့် တိုင်းဒေသကြီးအစိုးရ များအနေဖြင့် အုပ်ချုပ်ရေး အခန်းကဏ္ဍတွင် ထဲထဲဝင်ဝင် ပါဝင်ခြင်းမရှိသည့်အပြင် အချို့ ပြည်နယ်များတွင် အရင်းအမြစ် နှင့် ထိရောက်မှု နည်းပါးပါသည်။ သို့ဖြစ်၍ ဒေသန္တရအဆင့် တာဝန်ခံမှုပိုင်းတွင် ကန့်သတ်ချက်များ ရှိနေပါသည်။
- (ဒေါ်လာသန်းရာနှင့်ချီသည့်) စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှု တာဝန်ယူမှု Corporate Social Responsibility (CSR) စီမံကိန်းအချို့ရှိပြီး အထူးသဖြင့် သယံဇာတလုပ်ငန်းများ၏ စီမံကိန်းများ အပေါ် ပုဂ္ဂလိက ကုမ္ပဏီများမှ တာဝန်ယူ ဆောင်ရွက်ကြပါသည်။
- ဥပမာအားဖြင့် ရွှေဂက်စ် နှင့် ရတနာ ပိုက်လိုင်းစီမံကိန်း စသည့် စီမံကိန်းများတွင် လူမှုတာဝန်ယူမှု စီမံကိန်းများ ထည့်သွင်းထား ပါသည်။ သို့သော်လည်း EIA အစီရင်ခံ စာများနည်းတူ ၄င်းတို့နှင့်ပတ်သက်သည့် အချက်အလက်များ အနည်းငယ် သာရှိပြီး ၄င်းတို့၏ အသုံးစရိတ် နှင့် စာရင်းစစ် အစီရင်ခံစာ တို့ထုတ်ပြန်ထားခြင်း မရှိပါ။
- EITI အကောင်အထည်ဖော်နိုင်ရန်အတွက် အရပ်ဘက် အဖွဲ့ အစည်းများ၏ လှုပ်ရှားမှုများမှာ သိသိသာသာ မြန်ဆန်မှု ရှိခဲ့ပါ သည်။ EITI အကောင်အထည်ဖော်မှုကို အာရုံစိုက် လုပ်ကိုင် နေသည့် မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှုဆိုင်ရာ မဟာမိတ်အဖွဲ့ Myanmar Alliance for Transparency and Accountability (MATA) အား ၂၀၁၄ ခုနှစ်ဆန်းပိုင်းတွင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ၎င်းအဖွဲ့ဝင်များမှာ MSG ၏ လူမှုအဖွဲ့ အစည်းအစုအဖွဲ့ကို ကိုယ်စားပြုပါသည်။ ဒေသန္တရအဆင့်တွင် MATA အဖွဲ့ဝင် အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များသည် ဗဟိုချုပ်ကိုင်မှုမရှိဘဲ ဆုံးဖြတ်မှု ပေးနိုင်သည့် MATA ၏စနစ် ကြောင့် ရလာဒ်ကောင်းများ ထွက်ပေါ် ခဲ့ပါသည်။
- MATA ၏ စိန်ခေါ်ချက်များ EITI အကောင်အထည်ဖော်မှုကို အာရုံစူးစိုက်ခြင်း နှင့် အခြားအဖွဲ့ဝင်များ၏ ရည်ရွယ်ချက်များ အကြား မျှတစွာ ဟန်ချက်ညီညီ အကောင်အထည်ဖော်နိုင်ရေး ဖြစ်ပါသည်။ MATA အနေဖြင့် နိုင်ငံတော်အဆင့်တွင် ထိရောက်စွာ စွမ်းဆောင်နိုင်သော်လည်း ဒေသန္တရအဆင့်တွင် MATA ၏ အဖွဲ့ဝင်များသည် လူထုနှင့် ပိုမိုနီးစပ်ပြီး သယံဇာတလုပ်ငန်းများ ကြောင့် လူထုအပေါ် အကျိုးသက်ရောက်မှုများကို အမှန်တကယ် တွေ့မြင်နိုင်သည့် အနေအထားတွင် ရှိနေပါသည်။ ၄င်းတို့ အနေဖြင့် ဒေသန္တရအဆင့် အုပ်ချုပ်ရေးပိုင်းသို့ အသိပေးနိုင်ရန် နှင့် ထိရောက်စွာ ကိုင်တွယ်နိုင်ရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ရန် လိုအပ်နေပါသည်။
- သမိုင်းကြောင်းအရလည်းကောင်း၊ ပြည်နယ် နှင့်တိုင်းဒေသကြီး များတွင် လက်ရှိ နိုင်ငံရေးဆိုင်ရာစီးပွားရေးအခြေအနေများ ကြောင့်လည်းကောင်း ဒေသန္တရအဆင့် အဖွဲ့အစည်းများလှုပ်ရှား ဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့် ဆောင်ရွက်နေသည့် အဖွဲ့အစည်းများထက် လှုပ်ရှားမှု "ဝှင်" ကျဉ်းမြောင်းပြီး ကန့်သတ်ချက်များ ရှိနေပါသည်။ ဒေသန္တရအဆင့်တွင် တုံ့ပြန်မှု ရှိပြီး အားလုံးပါဝင်သည့် မဟာဗျူဟာမူဝါဒများ ချမှတ်နိုင်ရေး အတွက် MATA အနေဖြင့် လာမည့်နှစ်အနည်းငယ်အထိ ဆောင်ရွက်ကောင်းဆောင်ရွက်ရဖွယ်ရှိမည်ဖြစ်ပါသည်။
- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နှင့် တိုင်း (၆) ခု ရှိပါသည်။ ထို့ပြင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၈) ဖွဲ့ ရှိကာ သမိုင်းကြောင်းအရ မြန်မာ အစိုးရအား ဆန့်ကျင်နေပြီး အချို့နေရာများတွင် စင်ပြိုင် အုပ်ချုပ် နေလျက်ရှိရာ ၄င်းတို့အနေဖြင့် EITI အစီရင်ခံစာတွင် ပါဝင် နိုင်ဖွယ်မရှိပါ။ ရှမ်း နှင့် ကရင်ပြည်နယ်များတွင် ကွင်းဆင်း သုတေသန ပြုလုပ်ချက် (၂) ခုအရ တစ်နိုင်ငံလုံး လွှမ်းခြုံသည့် EITI အစီရင်ခံစာ ပြုစုရန် ကနဦးအခြေအနေတွင် ခက်ခဲမည် ဖြစ်ပါသည်။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများတွင် အချက် အလက်များ စုဆောင်းရယူရန် ခက်ခဲခြင်း၊ အနက်ရောင် / အညိုရောင် နယ်မြေများ ဖြစ်နေခြင်း နှင့် သတ္တုတွင်း ပိုင်ဆိုင်မှု နှင့် စီမံခန့်ခွဲမှု ပုံစံများ ပြောင်းလဲ မှုတို့ကြောင့် သုတေသနပြုလုပ်ရန် ခက်ခဲမည် ဖြစ်ပါသည်။

## စာချုပ် နှင့် ပိုင်ဆိုင်မှုများ

- EITI ၂၀၁၃ ခုနှစ် တွင် ထပ်မံထည့်သွင်းခဲ့သည့် စံညွှန်းများအရ မဖြစ်မနေ လုပ်ဆောင်ရမည် မဟုတ်သော်လည်း စာချုပ်ပါ အချက်အလက်များ ပွင့်လင်းမြင်သာမှုရှိရေးမှာ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့အတွက် ဆက်လက် ဆွေးနွေးရန် ကျန်ရှိပါသေး သည်။
- လက်ရှိအနေအထားတွင် နိုင်ငံတကာ၌ သယံဇာတလုပ်ငန်းများ၏ စာချုပ်အချက်အလက်များကို အများပြည်သူ သိရှိနိုင်ရန် ချပြသည့် အလေ့အထများ တိုးမြင့်လာနေပါသည်။ မြန်မာနိုင်ငံ အနေဖြင့် လည်း အဆိုပါ အလေ့အထအတိုင်း ဆောင်ရွက်နိုင်ပါသည်။

- ပိုင်ရှင်အချို့မှာ နာမည်ကျော်ကြားသူများဖြစ်ပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာသို့ချဲ့ထွင်လို၍ အခွင့်ထူးခံနိုင်ငံသားများ စာရင်း Specially Designated Nationals (SDN) မှ ဖယ်ရှားလိုကြပါသည်။ ၎င်းတို့အနေဖြင့် EITI နှင့် ပွင့်လင်းမြင်သာမှုရှိရေးတို့ကို လိုလားကြပါသည်။ သို့သော်လည်း အခြားတစ်ဘက်တွင်မူ ကိုယ်ကျိုးစီးပွား ထိခိုက်မှုများ ရှိလာနိုင်သောကြောင့် ဆန့်ကျင်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိပါသည်။
- သယံဇာတလုပ်ငန်းများ လုပ်ကိုင်ခွင့် ပေးအပ်ရာတွင် အချို့နေရာများ၌ ပုဂ္ဂိုလ်ရေး အခြေခံပြီး ပေးအပ်ခြင်းများ ရှိပါသည်။
- သို့ဖြစ်၍ သယံဇာတလုပ်ငန်းတစ်ခု၏ နောက်ဆုံးပိုင်ရှင်စစ်စစ်ကိုဖော်ထုတ်ရေးမှာ EITI အတွက် အတိမ်းအစောင်းမခံ သည့်ကိစ္စဖြစ်လာနိုင်ပါသည်။
- ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် (ဦးပိုင်) နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) တို့အနေဖြင့် သယံဇာတလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားမှုများ ရှိပါသည်။ MEC အနေဖြင့် သတ္တုတွင်းအချို့တွင် ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။
- MEC နှင့် ဦးပိုင် တို့အား အစိုးရမှ နိုင်ငံပိုင်လုပ်ငန်းများအဖြစ် အသိအမှတ်မပြုဘဲ ပုဂ္ဂလိကလုပ်ငန်းများအဖြစ် သတ်မှတ်ထားပါသည်။
- အဆိုပါ ကုမ္ပဏီများအား EITI စံညွှန်းများကို အခြေခံ၍ သတ္တုကဏ္ဍနှင့်ပတ်သက်၍ ဆန်းစစ်ချက်များ ကျယ်ပြန့်စွာ ပြုလုပ်နိုင်သည့် စနစ်တစ်ရပ် ချမှတ်သင့်ပါသည်။

## ငွေကြေးစီးဆင်းမှု

- ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနသည် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တု နှင့် ရေအားလျှပ်စစ်ကဏ္ဍများမှ ရရှိသည့် ဝင်ငွေများကို စုစည်းပေးရသည့် ဌာနတစ်ခုဖြစ်ပြီး မြန်မာ EITI ၏ ရုံးအဖွဲ့ ဖြစ်လာဖွယ် ရှိပါသည်။ အခွန်အမျိုးမျိုး (ကုမ္ပဏီဆိုင်ရာ အခွန်များ၊ ကုန်သွယ်လုပ်ငန်းခွန်များ နှင့် အခြေပြုပစ္စည်းအပေါ် ကောက်ခံသည့် အခွန်များ) ကိုမူ ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန (IRD) သို့ ပေးသွင်းရပါသည်။
- အခွန်မဟုတ်သော ပေးသွင်းငွေများ (ခိုင်ကြေး၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်း၊ လက်မှတ်ရေးထိုးခ) ကိုမူ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများထံ ပေးသွင်းရပါသည်။
- မြန်မာနိုင်ငံ၏ ငွေစာရင်းစနစ်မှာ ဗြိတိသျှစနစ် နှင့် Generally Accepted Accounting Principles (GAAP) တို့အပေါ် အခြေခံထားပါသည်။
- မြန်မာနိုင်ငံ၏ ငွေစာရင်းစနစ် အနေဖြင့် International Financial Reporting Standards (IFRS) မှ ချမှတ်ထားသည့် စည်းကမ်းချက် (၅) ခု ကို လက်ခံအကောင်အထည်ဖော်ရန် လိုအပ်နေပါသေးသည်။
- ဝန်ကြီးဌာနများ နှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် "သီးခြားငွေစာရင်းခေါင်းစဉ်များ" ဖွင့်လှစ် ထားပြီး ဘတ်ဂျက်တွင် ထည့်သွင်းထားခြင်း မရှိပါ။ ဘဏ္ဍာရေးစည်းမျဉ်းများအရ ပြည်ထဲရေး နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့သာလျှင် ယင်းသို့ လုပ်ဆောင်နိုင်ပါသည်။
- စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စင်ကာပူနိုင်ငံတွင် သီးခြားငွေစာရင်းခေါင်းစဉ် (၃) ခု ရှိပြီး MOGE အနေဖြင့် (၁၄) ခု ရှိပါသည်။ အဆိုပါငွေစာရင်းများထဲသို့ ရေနံ နှင့် သဘာဝဓာတ်ငွေ့မှ စီးဝင်ငွေများ မည်သို့မည်ပုံ လက်ခံရရှိသည်ကို ရှင်းလင်းစွာ မသိရှိပါ။
- မြန်မာနိုင်ငံတွင် သီးခြားငွေစာရင်းခေါင်းစဉ် အများအပြား ရှိပါသည်။ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်စုစုပေါင်း၏ ၄၄% ဖြစ်သော ကျပ်ငွေ ၂.၅၄ ထရီလီယံမှာ အဆိုပါခေါင်းစဉ်မှ ရရှိခြင်းဖြစ်ပါသည်။ သီးခြားငွေစာရင်းခေါင်းစဉ်များ ထားရှိခြင်းမှာ အထူးအဆန်းတစ်ခု မဟုတ်သော်လည်း ၎င်းတို့အား ဘတ်ဂျက် စနစ်အတွင်း ထည့်သွင်းနိုင်ခြင်းအားဖြင့် ပွင့်လင်း မြင်သာမှု ပိုမိုရရှိလာစေမည်ဖြစ်ပါသည်။
- မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသည့် သယံဇာတလုပ်ငန်းများမှ ပေးသွင်းငွေများသည် နိုင်ငံခြားရှိ ငွေစာရင်းခေါင်းစဉ်များထံ စီးဝင်သွားခြင်းမှာ ပွင့်လင်းမြင်သာမှုအတွက် အန္တရာယ် ဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါငွေစာရင်းခေါင်းစဉ်များသည် ဘတ်ဂျက်တွင်း ထည့်သွင်းပြီး အစိုးရ၏ ရန်ပုံငွေစာရင်းထဲတွင် ရောက်ရှိနေစေရန် စဉ်းစားဆောင်ရွက်သင့်ပါသည်။ အလားတူစွာပင် အဆိုပါ ငွေစာရင်းခေါင်းစဉ်မှ နိုင်ငံခြားငွေနှင့် ပေးချေမှုများအတွက် ဘတ်ဂျက်တွင် ဖော်ပြထားသင့်ပါသည်။ EITI အနေဖြင့် နိုင်ငံခြားဘဏ်စာရင်း၊ ငွေလဲလှယ်နှုန်း နှင့် ငွေစီးဝင်ခြင်းတို့တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။

## စာရင်းစစ်ဆေးခြင်း

- ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး (စာရင်းစစ်ချုပ်ရုံး) သို့ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၏ စာရင်းစစ်အစီရင်ခံစာအား ခြောက်လတစ်ကြိမ် နှင့် တစ်နှစ်တစ်ကြိမ် စီမံကိန်းများအလိုက်

(ထုတ်လုပ်မှု နှင့် တန်ဖိုးများ) ပို့ပေးရပါသည်။ အဆိုပါ အစီရင်ခံစာများသည် EITI ၏ နှစ်စဉ် ငွေစာရင်းကိုက်ညှိမှုအတွက် အခြေခံစာရင်းများ ဖြစ်ပြီး EITI ရုံးအဖွဲ့အတွက် လတ်တလောအနေအထားတွင် ယင်းတို့ကို အသုံးပြု၍ အစီရင်ခံစာပြုစုခြင်း၊ သုံးသပ်ခြင်း စသည်တို့ကို ပြုလုပ်နိုင် ပါသည်။

› စာရင်းစစ်ချုပ်ရုံးမှ အဆိုပါ ခြောက်လတစ်ကြိမ် စာရင်းစစ် အစီရင်ခံစာ ကောက်နုတ်ချက်များကို နိုင်ငံတော် သမ္မတရုံးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသို့ ပေးပို့ပါသည်။ သို့သော်လည်း အစီရင်ခံစာများ ပေးပို့ရန် ပျက်ကွက်ခြင်း နှင့် သတ်မှတ်ရက် ကျော်လွန်ပေးပို့ခြင်းတို့အတွက် အရေးယူမှုများ မရှိပါ။ အချို့သော နိုင်ငံတကာ ရေနံကုမ္ပဏီများအနေဖြင့် နှစ်နှင့် ချီ၍ ပေးပို့ရန် ပျက်ကွက်လျက်ရှိပါသည်။ အချို့ကိစ္စများတွင်မူ စာရင်းစစ်ဆေးပြီးဖြစ်သော စာရင်းပြုစုရန် ဆယ်စုနှစ်နှင့်ချီ၍ အချိန်ယူရပါသည်။ သို့ဖြစ်၍ အချိန်မီ ပေးပို့ခြင်းမရှိပါက EITI အစီရင်ခံစာအပေါ် ထိခိုက်လာနိုင်ပါသည်။

› စာရင်းစစ်ချုပ်ရုံးအနေဖြင့် ဖက်စပ်လုပ်ငန်းများကို စာရင်းစစ်ဆေးခွင့်ရှိပါသည်။ MEC အား စာရင်းစစ်ဆေး နိုင်သော်လည်း ဦးပိုင် ကို စာရင်းစစ်ဆေးခွင့် မရှိပါ။ သို့သော်လည်း လက်တွေ့တွင် ထိရောက်စွာ စွမ်းဆောင်နိုင်စွမ်း မရှိပါ။ သို့ဖြစ်၍ EITI အစီရင်ခံစာအတွက် ကနဦး အစပိုင်းတွင် ဦးပိုင်မှ အစုရှယ်ယာ ပါဝင်သည့် သတ္တုတွင်းထွက်လုပ်ငန်းများအပေါ် အချက်အလက်များ ရယူပြီး စာရင်းစစ်ဆေးရန် အခက်အခဲများဖြင့် ရင်ဆိုင်ရမည် ဖြစ်ပါသည်။

› ဦးပိုင်အတွက် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုညွှန်ကြားရေးမှူးရုံးမှ သီးခြားစာရင်းစစ်ဆေးပါသည်။

› ပထမအကြိမ် EITI အစီရင်ခံစာ အောင်မြင်စွာ ထုတ်ပြန်နိုင်ရေးအတွက် စာရင်းစစ်ချုပ်ရုံးအား ပံ့ပိုးပေးရန် လိုအပ်ပါသည်။ ထိုသို့ ပံ့ပိုးပေးရာတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ နည်းပညာ အကူအညီများ သို့မဟုတ် လိုအပ်ချက်များအား ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းခြင်း နှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ပါသည်။

## လူ့အဖွဲ့အစည်း နှင့် ပတ်ဝန်းကျင်

› ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေမူဘောင်အသစ် ရေးဆွဲနေမှုမှာ မကြာခင် ပြီးစီးတော့မည်ဖြစ်ပြီး အစိုးရဌာနများအနေဖြင့် ဆက်လက် အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ သို့သော်လည်း အဆိုပါ မူဘောင်သစ်တွင် လိုအပ်ချက်များ ရှိနေပါသေးသည်။ အထူးသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် ပြဌာန်းထားသည့် ကင်းလွတ်ခွင့်များ ဖြစ်ပါသည်။ လက်ပံတောင်းစီမံကိန်း၏ ESIA (မူကြမ်း) မှာ မူဘောင်သစ်၏ ထိရောက်မှုကို စတင် စမ်းသပ်သွားဖွယ်ရှိပါသည်။

› ရေနံ၊ သဘာဝဓာတ်ငွေ့ နှင့် သတ္တုတွင်းလုပ်ငန်းများ အပေါ် ထိန်းချုပ်ကွပ်ကဲမှုအားနည်းပြီး အချက်အလက် မလုံလောက်သည့်အနေ အထားတွင် ESIA နှင့်ပတ်သက်သည့် ဥပဒေ မူဘောင်များကို အကောင်အထည်ဖော်ရန် အဓိကတာဝန်ယူရသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန အတွက် ကြီးမားသော အတားအဆီး များနှင့် ရင်ဆိုင်ရဖွယ်ရှိပါသည်။

## EITI ဆိုင်ကိစ္စရပ်များ

အထက်တွင် သုံးသပ်ဖော်ပြချက်များ နှင့် အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြချက်များသည် မြန်မာနိုင်ငံ၌ EITI အကောင်အထည်ဖော်ရာတွင် အကျိုးသက်ရောက်မှုများ ရှိလာနိုင်ပါသည်။

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

› မြန်မာနိုင်ငံ၏ သဘာဝသယံဇာတပေါ်ကြွယ်ဝသည့် နေရာများသည် ကာလကြာရှည်စွာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ဒဏ်ခံ နေရသည့် ဒေသများဖြစ်ကြပါသည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရပြီးနောက်ပိုင်း နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး နှင့် နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ် ပေါ်ထွန်းရေးအတွက် ဆောင်ရွက်နေပါသည်။ အဆိုပါဒေသများကို EITI အစီရင်ခံစာ တွင် ထည့်သွင်းရာ၌ လုပ်ငန်းစဉ် အစီအစဉ် သတိထား ရေးဆွဲရန် လိုအပ်မည်ဖြစ်သည်။

› နိုင်ငံရေးဆွေးနွေးပွဲတွင် အရေးပါသည့် ကိစ္စတစ်ခုဖြစ်သည့် ဝင်ငွေအပေါ် အချိုးကျခွဲဝေခံစားရေးအတွက် EITI မှရရှိသည့် အချက်အလက်များ ပံ့ပိုးပေးခြင်းဖြင့် ဆွေးနွေးမှုများအား အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

### စာချုပ် နှင့် ပိုင်ဆိုင်မှုများ

› နိုင်ငံတကာ ရေနံကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုရာတွင် MOGE၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) နှင့် နိုင်ငံတော် သမ္မတရုံး တို့နှင့် ဆက်သွယ်ညှိနှိုင်းရပါသည်။ စာရင်းစစ်ချုပ်ရုံး အနေဖြင့် အဓိကနေရာတွင် မပါဝင်ပါ။

› အမှန်တကယ် ပိုင်ဆိုင်သူနှင့်ပတ်သက်သည့် အချက်အလက်များမှာ အခြားနိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံ၌လည်း ထိလွယ်ရှလွယ်သော ကိစ္စတစ်ခုဖြစ်ပါသည်။ ယင်းကိစ္စအား မည်သို့ ဆောင်ရွက်သင့်သည်ကို လတ်တလော ကာလအတွင်း ဆုံးဖြတ်နိုင်ခြင်း ရှိဦးမည်မဟုတ်ပါ။

### သတင်းအချက်အလက် ရရှိမှု နှင့် အရည်အသွေး

› EITI အစီရင်ခံစာတွင် အချက်အလက်များကို ပြန်လည်ပေါင်းစည်းရာတွင် ရင်ဆိုင်ရသည့် အခက်အခဲတစ်ခုမှာ အချက်အလက်အရည်အသွေးပင် ဖြစ်ပါသည်။ အရှိကိုအရှိအတိုင်း တိုင်းတာသတ်မှတ်ခြင်းထက် ထွက်ရှိမှုအပေါ် ညှိနှိုင်းသတ်မှတ်သည့် အလေ့အထက ပိုမိုကြောင်း ဆွေးနွေးမှုများမှ ပေါ်ထွက် လာခဲ့ပါသည်။ ဥပမာအားဖြင့် သတ္တုတွင်းတစ်ခုတွင် ထွက်ရှိသည့် ပမာဏကို တိုင်းတာရာတွင် ထွက်ရှိသမျှကို တိုင်းတာခြင်းထက် အစိုးရဂုန်ထမ်းများနှင့် ညှိနှိုင်းသတ်မှတ်ပြီး မှတ်တမ်းတင်ခြင်းပင်ဖြစ်ပါသည်။ အဆိုပါလုပ်ရပ်များနှင့် စာရင်းစာအုပ် (၂) အုပ်ခွဲခြားပြီးထည့်သွင်းခြင်း အလေ့အထများသည် အခွန်ရှောင်တိမ်းနိုင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ပြီး ပုဂ္ဂလိက ကဏ္ဍမှ ပြောကြားချက်အရ တစ်ခါတစ်ရံ ကွာခြားချက်မှာ (၁၀) ဆမျှပင် ရှိတတ်ပါသည်။

› မြန်မာနိုင်ငံစာရင်းကောင်စီအနေဖြင့် IFRS ၏ စည်းကမ်းချက် (၉-၁၃) အား MEITI ပထမအစီရင်ခံစာမတိုင်မီ အတည်ပြုသင့်ပါသည်။

› ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တု နှင့် ရေအားလျှပ်စစ် သဘောတူညီချက်များတွင်ပါရှိသည့် လျှို့ဝှက်ထားရှိရမည့် အချက်များနှင့် ပတ်သက်၍ စာရင်းစစ်ဆေးပြီးဖြစ်သည့် စာရင်းများတွင် ပါရှိသည့် စီးပွားရေးဆိုင်ရာ အချက်အလက် အချို့အား EITI ၏ နယ်ပယ်ကဏ္ဍထဲတွင် ထည့်သွင်းနိုင်ရန် နှင့် စာရင်းကိုက်ညီ နိုင်ရန်အတွက် ဥပဒေကြောင်းဆိုင်ရာ ပြဌာန်းချက် သို့မဟုတ် EITI နှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတ၏ အမိန့်ညွှန်ကြားချက်ဖြင့် ဆောင်ရွက်သင့်ပါသည်။

› လတ်တလော ပြင်ဆင်ရေးဆွဲနေသည့် သတ္တုတွင်း၊ ရေနံ နှင့် လျှပ်စစ်ဥပဒေများတွင် ပွင့်လင်းမြင်သာမှု နှင့်ပတ်သက်၍ လုပ်ကိုင်ခွင့်ရရှိသူများအနေဖြင့် မြန်မာ EITI စံညွှန်းများနှင့်အညီ အစီရင်ခံတင်ပြမှုများ ပြုလုပ်ပေးရမည်ဟု ထည့်သွင်းဖော်ပြသင့်ပါသည်။

› ပထမအကြိမ် ထုတ်ပြန်မည့် EITI အစီရင်ခံစာ အနေဖြင့် နိုင်ငံရေးအရ အကျိုးရှိစေရန် နှင့် သတ်မှတ်သော အချိန်အတွင်း ပြီးစီးစေရန် MSG အနေဖြင့် နယ်ပယ်ကဏ္ဍ လမ်းညွှန်မြေပုံ အစီရင်ခံစာအတိုင်း ရေနံ နှင့် သဘာဝ ဓာတ်ငွေ့ကဏ္ဍသာ ပါဝင်သည့် ကနဦးအစီရင်ခံစာကို ထုတ်ဝေသင့် ပါသည်။ ထိုသို့ ထုတ်ဝေနိုင်ပါက EITI အနေဖြင့် အလွန်ထူသည့် နှစ်ပတ်လည် အစီရင်ခံစာထုတ်ဝေခြင်းမပြုဘဲ ကဏ္ဍအလိုက် သက်ဆိုင်သည့် အစီရင်ခံစာများ အလီလီထုတ်ပြန်နိုင်မည် ဖြစ်သဖြင့် ယခုကတည်းကပင် စတင်စဉ်းစားသင့်ပါသည်။

› သို့ဖြစ်၍ ပထမအကြိမ် အစီရင်ခံစာတွင် ထည့်သွင်းခြင်း မပြုဘဲ EITI စံညွှန်း (၃) လိုအပ်ချက်ဖြစ်သည့် သယံဇာတ လုပ်ငန်းများ၏ ယေဘူယျ အခြေအနေကို ဖော်ပြသည့် အစီခံရင်စာအား EITI ၏ နယ်ပယ်ကဏ္ဍအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်ပါသည်။

### ရေအားလျှပ်စစ်

› ရေအားလျှပ်စစ် ဖက်စပ်လုပ်ငန်းများမှာ နှစ်စဉ် စာရင်း စစ်ဆေးမှုများ ပြုလုပ်ထားပြီး ပထမအကြိမ် EITI အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်ပါသည်။ သို့သော်လည်း မြန်မာအစိုးရအတွက် ရွှေလီ (၁) ရေအားလျှပ်စစ်လုပ်ငန်းမှာ ဂင်ငွေသိသိသာသာ ရရှိနေသည့် တစ်ခုတည်းသော လုပ်ငန်းဖြစ်ပါသည်။

› ဆိုင်းငံ့ထားသည့် မြစ်ဆုံစီမံကိန်းအနေဖြင့် ကာလတို၊ ကာလလတ်သို့မဟုတ် ကာလရှည်အထိ ပြန်လည်စတင်မည့် အရိပ်အယောင်မတွေ့ရှိသေးသဖြင့် ရေအားလျှပ်စစ်ကဏ္ဍ၏ နိုင်ငံရေးအရ အကျိုးသက်ရောက်မှုကို လျှော့မတွက်သင့်ပါ။ ရေအားလျှပ်စစ်ကဏ္ဍအား စာရင်းကိုက်ညီရန်မှာ အတန်အသင့် လွယ်ကူပြီး အောင်မြင်မှုရနိုင်ခြေရှိသည့်အတွက် EITI အကောင်အထည်ဖော်နိုင်ရေးကို အထောက်အကူ ပြုပါသည်။

### မျှော်လင့်ချက်များကို စီမံခန့်ခွဲခြင်း

› EITI အနေဖြင့် အရည်အသွေးမြင့်မားသည့် အချက်အလက်များ နှင့် သုံးသပ်ချက်များကို ပံ့ပိုးပေးခြင်း ဖြစ်ပြီး ဖြေရှင်းချက်များကို ထုတ်ပေးခြင်းမဟုတ်ပါ။

› MEITI အနေဖြင့် ကောင်းမွန်သော လူထု ဆက်သွယ်ရေးစနစ်များ ချမှတ်ထားသင့်ပြီး ရည်မှန်းချက်ရှိပြီး စနစ်ကျသည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးသည့် လူထု၏ တုံ့ပြန်မှုများ ကို လက်ခံသည့် စနစ်များ ထားရှိသင့်ပါသည်။

› အဓိကကျသည့် မဟာဗျူဟာမြောက်မေးခွန်းမှာ မည်သည့်အချိန်တွင် မည်သည့်အချက်အလက်ကို ရယူသင့်သည် ဆိုသည့်အချက်ဖြစ်ပြီး EITI တွင်ထည့်သွင်းထားခြင်း မရှိသော်လည်း စီမံ/စီးပွားဂန်ကြီးဌာနအနေဖြင့် မက်ခရိုအဆင့် မူဂါဒများ ချမှတ်ရာတွင် အကျိုးရှိရှိ အသုံးပြုသင့်ပါသည်။

### အစိုးရ၏အခန်းကဏ္ဍ

› EITI သည် သယံဇာတလုပ်ငန်းများဆိုင်ရာ ဂန်ကြီးဌာနများ နှင့် စီမံကိန်းဆိုင်ရာဂန်ကြီးဌာနများအကြား ငွေကြေးကဏ္ဍတွင် ဆက်စပ်ပေးနိုင်ပါသည်။

› MEITI ရုံးအဖွဲ့ နှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးနိုင်ခဲ့ပါက စီမံ/စီးပွား နှင့်

ဘဏ္ဍာရေးဝန်ကြီးဌာနများအကြား အောက်ခြေအဆင့်တွင် ပူးပေါင်းဆောင်ရွက်မှုများ ကျစ်လျစ်ခိုင်မာလာဖွယ်ရှိသည့်ပြင် မက်ခရို စီးပွားရေးမူဝါဒများ ချမှတ်ရာတွင် ပူးပေါင်းလုပ်ဆောင်လာနိုင်ခြေရှိပါသည်။

› EITI အကောင်အထည်ဖော်ရာတွင် MSG ၏ကဏ္ဍမှာ ပိုမိုအရေးပါသည့်နေရာသို့ ရောက်ရှိလာနေရာ MSG အနေဖြင့် အခြားဝန်ကြီးဌာနများ ဥပမာ စီမံ/စီးပွား သို့မဟုတ် ရေအား လျှပ်စစ်ကိုပါ ထည့်သွင်းပါက လျှပ်စစ်စွမ်းအား ဝန်ကြီး ဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ထို့ပြင် ရေနံကုမ္ပဏီသစ်များ နှင့်လည်း ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

## နယ်ပယ်ကဏ္ဍသတ်မှတ်ခြင်း

ယခုပြုစုထားသည့် အခြေခံဆန်းစစ်ချက် အစီရင်ခံစာ၏ နောက်ဆက်တွဲအစီရင်ခံစာမှာ နယ်ပယ်ကဏ္ဍသတ်မှတ်ခြင်းဆိုင်ရာ အစီရင်ခံစာဖြစ်ပြီး ပထမအကြိမ် MEITI အစီရင်ခံစာတွင် မည်သည့် ကုမ္ပဏီများကို ထည့်သွင်းမည် နှင့် မည်သို့သော ဝင်ငွေများကို ထည့်သွင်း အစီရင်ခံမည်ဆိုသည်ကို တင်ပြသွားရန် ဖြစ်ပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍအနေဖြင့် စီမံကိန်းသစ်များသာမက ပိုင်ဆိုင်မှုအခြေအနေများ အပါအဝင် စီမံကိန်းတစ်ခုချင်းအလိုက် (နောက်ဆုံးတင်ဒါခေါ်ယူခဲ့သည့် လုပ်ငန်းများအပါအဝင်) အစီရင်ခံ တင်ပြရဖွယ်ရှိပါသည်။ ထို့ပြင် သတ္တုတွင်းလုပ်ငန်းကြီးများ အနေဖြင့်လည်း အစီရင်ခံတင်ပြရဖွယ်ရှိပါသည်။ လက်တွေ့ကျသည့် လုပ်ဆောင်ချက်တစ်ခုမှာ အနည်းဆုံး ကန့်သတ်ချက်ထားရှိပြီး ထိပ်သီး သတ္တုတွင်းလုပ်ငန်း (၂၀) သို့မဟုတ် (၃၀) ကို အစီရင်ခံတင်ပြခြင်းဖြစ်ပါသည်။ သတ္တုတွင်းလုပ်ငန်းငယ်များမှာ ကဏ္ဍတစ်ခုလုံး၏ ရာခိုင်နှုန်းအနည်းငယ်သာ ပါဝင်သဖြင့် ကုမ္ပဏီ အားလုံးအား အချက်အလက်များ စုဆောင်းရန် ခက်ခဲ မည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အကြီးစား သတ္တုလုပ်ငန်း အားလုံး ပါဝင်သင့်ပါသည်။

ကျောက်စိမ်း နှင့် ကျောက်မျက်ရတနာများကို EITI အစီရင်ခံစာတွင် ထည့်သွင်းရန် အနည်းငယ် ခက်ခဲမည် ဖြစ်သော်လည်း မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ ရရှိသည့် ဝင်ငွေများအပေါ် အခြေခံပြီး အစီရင်ခံတင်ပြမည်ဆိုပါက ဖြစ်နိုင်ခြေ ရှိပါသည်။

MSG အနေဖြင့် ရေအားလျှပ်စစ်ကဏ္ဍကို ပထမအကြိမ် EITI အစီရင်ခံစာတွင် ထည့်သွင်းခြင်း သို့မဟုတ် နောင်လာမည့် အစီရင်ခံစာတွင် ထည့်သွင်းခြင်း ကိစ္စကို စဉ်းစားရန် လိုအပ်ပါသည်။ ထို့ပြင် EITI ၏ အဓိက ကဏ္ဍများမဟုတ်သော်လည်း အခြား သယံဇာတလုပ်ငန်းများဖြစ်သည့် သစ်တော နှင့် သားငါး ကဏ္ဍများအား သင့်လျော်သည့် အချိန်တွင် ထည့်သွင်းရန် သင့်-မသင့် စဉ်းစားသင့်ပါသည်။ EITI ၏ အဓိကမဟုတ်သည့် ကဏ္ဍများအား အဖွဲ့ဝင်လောင်းအဖြစ် သတ်မှတ်ထားစဉ်အတွင်း ထည့်သွင်း စဉ်းစားမှုပြုမည်မဟုတ်လင့်ကစား စတင်စဉ်းစားထား သင့်ပါ သည်။

EITI International Secretariat ၏ အကြံဉာဏ်များ ရယူပြီး MSG အနေဖြင့် နယ်ပယ်ကဏ္ဍသတ်မှတ်ခြင်းဆိုင်ရာ အစီရင်ခံစာအတွက် တာဝန်နှင့်ဝတ္တရား သတ်မှတ်ချက်များ (TOR) ရေးဆွဲရတော့မည် ဖြစ်ပါသည်။ TOR တွင် အောက်ပါအချက်အလက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်-

› EITI စံညွှန်း (၃) လိုအပ်ချက်ဖြစ်သည့် သယံဇာတ လုပ်ငန်းများ၏ ယေဘုယျ အခြေအနေကို ဖော်ပြခြင်း၊
› အစီရင်ခံစာတွင် ထည့်သွင်းမည့် ကုမ္ပဏီ၊ စီမံကိန်း နှင့် ကဏ္ဍများ နှင့် အချိန်စာရင်း ထည့်သွင်းခြင်း၊
› သတ္တုတွင်းကဏ္ဍတွင် အနည်းဆုံးပမာဏသတ်မှတ်ခြင်း၊
› အသေးစား သတ္တုတွင်း လုပ်ငန်းများဆိုင်ရာ အချက်အလက်များ၏ အရည်အသွေး သတ်မှတ်ခြင်း၊
› စာရင်းစစ်ချုပ်ရုံးမှ ရရှိသည့် အစီရင်ခံစာများ၏ အရည်အသွေးကို လေ့လာသုံးသပ်ခြင်း၊
› ဘဏ္ဍာရေးဝန်ကြီးဌာန ဝင်ငွေ/ထွက်ငွေ မှတ်တမ်းများကို အသေးစိတ် လေ့လာသုံးသပ်ခြင်း၊
› နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ငွေကြေးစီးဆင်းမှု အထူးသဖြင့် အခွန်မဟုတ်သည့် ပေးသွင်းငွေများကို လေ့လာ သုံးသပ်ခြင်း၊
› အခြားငွေစာရင်းခေါင်းစဉ်များနှင့်ပတ်သက်၍ လေ့လာသုံးသပ်ခြင်း၊
› ပိုက်လိုင်းဖြတ်သန်းခများကို လေ့လာသုံးသပ်ခြင်း၊
› နိုင်ငံရေးအရ အကျိုးဖြစ်ထွန်းနိုင်မှု နှင့် အချိန်တို့ကို အခြေခံ၍ လည်းကောင်း၊ ဖြစ်နိုင်ခြေနှင့် ပြီးပြည့်စုံမှုတို့အပေါ် ဟန်ချက် ညီစေရန်အတွက် လည်းကောင်း၊ (၅) နှစ် မှ (၁၀) နှစ်အထိ အစီရင်ခံ တင်ပြမည့် လမ်းညွှန်မြေပုံ ရေးဆွဲခြင်း၊
› စီမံကိန်းကြီးများ၏ CSR များကို လေ့လာသုံးသပ်ခြင်း၊
› ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လူမှုဖွံ့ဖြိုးရေးရန်ပုံငွေများကို လေ့လာသုံးသပ်ခြင်း၊
› အစိုးရဌာနများ နှင့် ဒေသတွင်း အဖွဲ့အစည်းများကို သင်တန်းများ ပေးအပ်ခြင်း နှင့်
› အချက်အလက်များကို ဝက်ဘ်ဆိုက် အခြေခံ၍ လွှင့်တင်နိုင်ရေး အတွက် အစီအမံများ ဆောင်ရွက်ခြင်း၊